၀၇း၀၀ (ရန်ကုန်)/၀၀း၃၀ (UTC)၊ ၂၀၁၉ ခုနှစ် ဧပြီလ (၁)ရက်အထိ တားမြစ် ပိတ်ပင်ထား ပါသည်။

# နစ်ကေး (Nikkei) မြန်မာ စက်မှုကုန်ထုတ်လုပ်ငန်း PMI™

## မတ်လတွင် ထုတ်လုပ်မှုမှာရော အော်ဒါအသစ်များမှာပါ ပို၍ အခိုင်အမာ တိုးချဲ့ခဲ့ခြင်း

### အဓိကအချက်များ

- PMI မှ ကဏ္ဍ၏ အခြေအနေ အသင့်အတင့် တိုးတက်လာကြောင်းကို အချက်ပြနေခြင်း
- ထုတ်လုပ်မှုနှင့် အလုပ်သစ်များ အခိုင်အမာ တိုးတက်လာသော်လည်း အားပျော့နေဆဲ
- ထုတ်လုပ်မှု မျှော်လင့်ချက်များ ပိုအရှိန်ရလာခြင်း

ဒေတာကို မတ် ၁၂ - ၂၁ ရက်အတွင်း စုစည်းခဲ့သည်


မတ်လ ဒေတာမှ မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်ရေးကဏ္ဍတဝမ်းမှာ လုပ်ငန်းလည်ပတ်မှု အခြေအနေများမှာ အသင့်အတင့် တိုးတက်မှုရှိလာကြောင်း အချက်ပြခဲ့ပါသည်။ အဓိက အကျဆုံး အညွှန်းကိန်းသည် ဖေဖော်ဝါရီလကထက် မသိမသာ နိမ့်ကျသွားခဲ့သော်လည်း အညွှန်းကိန်းမှာ စစ်တမ်းအစဉ်အလာသမိုင်းများထက် မြင့်နေခဲ့ပါသည်။ ဘက်စုံတိုးတက်မှုကို ထုတ်လုပ်မှု၊ အော်ဒါသစ်များနှင့် အလုပ်နေရာများ ဆက်လက်ဦးမော့နေခြင်းက ပံ့ပိုးပေးခဲ့ပါသည်။ ထို့အပြင် ကုမ္ပဏီများက ထုတ်လုပ်ရေး လိုအပ်ချက်များ မြင့်တက်လာကြောင်း အစီရင်ခံလာခဲ့သဖြင့် အလုပ်နေရာသစ် ဖန်တီးမှုနှုန်းမှာ ၁၂ လအတွင်းမှာ အမြင့်ဆုံးဖြစ်ခဲ့ပါသည်။ ထုတ်လုပ်ကြသူတို့သည် ၂၀၁၈ ခုနှစ် စက်တင်ဘာလမှစပြီး အထူးသဖြင့် အကောင်းမြင်မှု အမြင့်ဆုံးအဆင့်ကို မှတ်တမ်းတင်ခဲ့ကြပြီး ယုံကြည်မှုမှာ လွန်ခဲ့သည့် ငါးလက မြင်တွေ့ခဲ့ကြရသည့် အားပျော့နေသည့် အဆင့်မှ တက်လာခဲ့ပါသည်။

ယင်းအတောအတွင်းမှာ တရုတ်နိုင်ငံမှ သွင်းကုန်များဝယ်လိုအား လျော့နည်းလာသည့်ကြားထဲ ကုန်ကြမ်းပစ္စည်းများ၏ ဈေးနှုန်းများ တိုးတက်မှုအရှိန် နှေးလာသဖြင့် ကုန်ကျစရိတ်များ၏ ဖိအားမှာ လျော့နည်းခဲ့ပါသည်။

နစ်ကေး (Nikkei) မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်မှု ဝယ်ယူရေး မန်နေဂျာများ၏ အညွှန်းကိန်း Purchasing Managers' Index™ (PMI™) - ကုန်ထုတ်လုပ်ရေး စွမ်းပကားများကို ပြသပေးသည့် ပေါင်းစပ်ထားသော တစ်ခုတည်းသော အဓိကအညွှန်းကိန်းမှာ – ဖေဖော်ဝါရီလတွင် ၅၃.၁ ရှိရာမှ အနည်းငယ်ကျဆင်းလာပြီး မတ်လမှာ ၅၂.၄ ၌ ရှိနေခဲ့ပါသည်။ မည်သို့ပင်ဆိုစေကာမူ မြန်မာနိုင်ငံတွင်း ကုန်ထုတ်လုပ်ရေးကဏ္ဍ၏ အခြေအနေမှာ မတ်လတွင် အသင့်အတင့် ပိုကောင်းလာခဲ့ပါသည်။ ၂၀၁၉ ခုနှစ် ပထမသုံးလပတ် ပျမ်းမျှနှုန်းမှ ၂၀၁၈ ခုနှစ် ဒုတိယ သုံးလပတ်မှစ၍ အားအကောင်းဆုံး ဘက်စုံတိုးတက်မှုကို အချက်ပြနေခဲ့ပါသည်။

**နစ်ကေး (Nikkei) မြန်မာ စက်မှုကုန်ထုတ်လုပ်ငန်း PMI**

အချိန်အခါအလိုက် ညှိနှိုင်းမှု၊ ၅၀ = ယခင်လနှင့် နှိုင်းယှဉ်လျှင် ပြောင်းလဲမှုမရှိ




ဇာစ်မြစ Nikkei, IHS Markit

ထုတ်လုပ်ကြသူတို့၏ ထုတ်လုပ်မှုမှာ မတ်လတွင် ဆက်တိုးလာခဲ့ပြီး လက်ရှိ တိုးတက်မှုအစဉ်ကို ငါးလထိ တိုးချဲ့ပေးလိုက်သည်။ ယခုနောက်ဆုံး ဦးမော့မှုမှာ ဖေဖော်ဝါရီလ၏ မကြာမီက အမြင့်ဆုံးနေရာမှ လျှော့ဆင်းလာခဲ့သော်လည်း ခြုံပြောရလျှင် ခိုင်မာလျက် ရှိနေဆဲပါ။ ဈေးဝယ်များဘက်မှ ဝယ်လိုအား ကောင်းလာပြီး အလုပ်သစ်များ ဆက်လက် တိုးလာခဲ့ခြင်းကြောင့် ထုတ်လုပ်မှု တိုးလာရေးကို ပံ့ပိုးပေးနိုင်ခဲ့ကြောင်း ပါဝင်ဖြေကြားသူတို့က ဆိုပါသည်။

အော်ဒါသစ်များသည်ပါ မတ်လတွင် ပို၍ တိုးလာခဲ့သည်။ တိုးတက်မှုအရှိန်မှာ ဖေဖော်ဝါရီလ၏ ကိုးလအတွင်း အမြင့်ဆုံးနှုန်းထက် အားပျော့လာခဲ့သော်လည်း မည်သို့ပင်ဆိုစေကာမူ ခိုင်မာနေဆဲဖြစ်ပြီး စစ်တမ်း၏ အစဉ်အလာသမိုင်းများထက် မြင့်နေပါသည်။ ကုန်ထုတ်လုပ်ရေး ကုမ္ပဏီများက အလုပ်သစ်များ ဦးမော့လာမှုသည် မြန်မာနိုင်ငံ တဝမ်းရှိ ဒေသများမှ ဝယ်လိုအား အခြေအနေများ ကောင်းလာမှုကြောင်းဖြစ်သည်ဟု ထောက်ပြခဲ့ကြသည်။

သို့ဖြစ်၍ ကုန်စည် ထုတ်လုပ်ကြသူတို့က လာမည့် ၁၂ လအတွင်းမှာ ထုတ်လုပ်မှုဆိုင်ရာ မျှော်လင့်ချက်ထဲတွင် ပိုပြီး အကောင်းမြင်ကြကြောင်း ထုတ်ဖော်ပြသခဲ့ကြသည်။ ထိုသို့ အကောင်းမြင်မှု ပမာဏမှာ လွန်ခဲ့သည့် အောက်တိုဘာလမှစပြီး မြင်တွေ့ခဲ့ကြရသည့် အားနည်းခဲ့သည့် အဆင့်များမှ  အရှိန်ရလာခဲ့ခြင်းဖြစ်ပြီး ဝတ်စုံထုတ်လုပ်ရေးကဏ္ဍထဲတွင် တအား တိုးတက်လာမည်ဟု ခန့်မှန်းချက်များကြောင့် ဖြစ်ပါသည်။

 Copyright © 2019 IHS Markit Ltd 

ဝယ်ယူလိုသူတို့ထံမှ ဝယ်လိုအား ဆက်လက်မြင့်တက်လာခြင်းနှင့်အညီ ထုတ်လုပ်ကြသူတို့သည် မတ်လတွင် သူတို့၏ လုပ်သားအင်အားကို အမြန်ဆုံး အရှိန်မြှင့် တိုးခန့်ခဲ့ကြသည်။ ထောက်ပြခဲ့ကြသူ အများစုတို့က ထုတ်လုပ်မှုလိုအပ်ချက်များ တိုးလာခြင်းက ကုမ္ပဏီများကို အလုပ်နေရာများ တိုးခန့်ရန် တွန်းအားပေးခဲ့သည်ဟု ဆိုကြသည်။ ထို့အပြင် ထုတ်လုပ်ရေး စွမ်းပကားများအပေါ် ဖိအားပေးမှုရှိနေသည့်ကြားထဲမှာ လက်ကျန်အလုပ်များ ကျဆင်းမှုနှုန်း နှေးလာခဲ့သည်။

ဈေးနှုန်းများကို လေ့လာကြည့်လျှင် သွင်းကုန်ဈေးနှုန်းများ ဖောင်းပွမှုသည် မတ်လတွင် အားပျော့လာခဲ့သည်။ အသင့်အတင့် ဖြစ်နေခဲ့သော်လည်း တိုးတက်မှုအရှိန်မှာ စစ်တမ်း၏ အစဉ်အလာပျမ်းမျှနှုန်းနှင့် ၂၀၁၈ ခုနှစ်ထဲ မြင်တွေ့ခဲ့ကြရသည့် မြင့်တက်မှုများထက် နိမ့်နေပါသည်။ ပါဝင်ဖြေကြားခဲ့ကြသူတို့က ဈေးနှုန်းများ မြင့်တက်မှု အားပျော့လာရေးကို တွန်းအား ပေးခဲ့သည်မှာ တရုတ်နိုင်ငံမှ သွင်းကုန်များ ဝယ်လိုအားပျော့လာသည့်အကြားမှာ ကုန်ကြမ်းပစ္စည်းများ၏ ဈေးနှုန်းများ မြင့်တက်မှု အရှိန်နှေးလာခြင်းဖြစ်ကြောင်း ဖေါ်ပြကြသည်။ သို့ဖြစ်၍ ကုမ္ပဏီများသည် ၎င်းတို့၏ ထုတ်ကုန်ရောင်းဈေးများကို ဒသမဂဏန်းမျှ မြှင့်တင်ခဲ့ကြသည်။

နောက်ဆုံးအနေနှင့် ထုတ်လုပ်ကြသူတို့သည် အလုပ်သစ်များ ဆက်လက်တိုးတက်လာခြင်းအရ ကုန်ဝယ်ယူမှုများကို တိုးချဲ့ လုပ်လာခဲ့ကြသည်။ ထုတ်လုပ်မှုအကြို လက်ကျန်စာရင်းများမှာ ၂၀၁၆ ခုနှစ် မေလမှစပြီး ပထမဦးဆုံးအကြိမ် မြင့်တက်လာခဲ့သဖြင့် ကုန်စည်များ သိုလှောင်ထားရေးဆိုင်ရာ အားထုတ်မှုများ ရှိခဲ့ကြောင်း အစီရင်ခံမှု ရှိပါသည်။

## ဝေဖန်ချက်(မှတ်ချက်)

မြန်မာစက်မှု ကုန်ထုတ်လုပ်မှု PMI အညွှန်း၏ စစ်တမ်း ဒေတာကို သုံးသပ်၍ စစ်တမ်းကို ပြုစုပေးသည့် IHS Markit မှ **စီးပွားရေးပညာရှင် Sian Jones** က ထောက်ပြသွားသည်မှာ-

*"မြန်မာနိုင်ငံတဝှမ်းမှ ထုတ်လုပ်သူတို့သည် ထုတ်လုပ်မှုနှင့် လုပ်ငန်းသစ်များကို သိသိသာသာ တိုးချဲ့နိုင်ခဲ့ကြသောကြောင့် မတ်လတွင် စိတ်ဓာတ် တက်ကြွနေခဲ့ကြပါသည်။ ၂၀၁၉ ခုနှစ်ကို ဖွင့်လှစ်ပေးလိုက်သည့် သုံးလပတ်၏ အဆုံးက အလုပ်ခန့်မှု မြန်ဆန်စွာ တိုးလာမှုကိုပါ ညွှန်ပြနေရာ သုံးစွဲသူတို့ထံမှ ဝယ်လိုအား ကောင်းမှုကြောင့် ထုတ်လုပ်ရေး တောင်းဆိုချက်များ ပိုမိုကြီးထွားလာမှုမှ တစ်ဆင့် အခြေအနေ ပိုကောင်းလာစေခဲ့ခြင်း ဖြစ်ပါသည်။*

*"တရုတ်နိုင်ငံမှ ထည့်ကုန်များအတွက် ဝယ်လိုအား လျော့နည်းလာခြင်းက ကုန်ကျစရိတ် ဖောင်းပွမှု၏ ဖိအားကို လျော့နည်းသွားစေခဲ့ပြီး ကုန်ကြမ်း ပစ္စည်းများ၏ ဈေးများမှာမူ အသင့်အတင့်မျှသာ တက်လာခဲ့ပါသည်။ သို့ဖြစ်၍ ကုန်ကျစရိတ် ဝန်ထုပ် သက်သာလာခြင်းကြောင့် စက်ရုံထုတ် ရောင်းဈေးများမှာ အနည်းအကျဉ်းမျှသာ တက်လာခဲ့ပါသည်။"*

- ပြီးစီးမှု -

Copyright © 2019 IHS Markit Ltd

## နစ်ကေး (Nikkei) မြန်မာ စက်မှုကုန်ထုတ်လုပ်ငန်း PMI™ ညွှန်းကိန်း အစီအရင်ခံစာ ကို NIKKEI က ကူညီပံ့ပိုးပါသည်။

နစ်ကေး(Nikkei) သည် မီဒီယာအဖွဲ့အစည်းတစ်ခုဖြစ်ပြီး သတင်းစာထုတ်လုပ်ဖြန့်ချိသည့်လုပ်ငန်းကို အဓိကလုပ် ဆောင်သည်။ ကျွန်ုပ်တို့၏ အဓိကနေ့စဉ်ထုတ်သတင်းစာကို မှာယူသူဦးရေမှာ နှစ်သန်းခွဲခန့် ရှိပါသည်။ ယင်းအပြင် နစ်ကေး (Nikkei) ၏ သတင်းမျိုးစုံဖြန့်ဖြူးမှုတွင် အွန်လိုင်း၊ ရုပ်သံနှင့်မဂ္ဂဇင်းများ ပါဝင်သည်။

၁၈၇၆ခုနှစ်တွင် ပြည်တွင်း နှင့် နိုင်ငံခြား ပစ္စည်းဈေးနှုန်းများ ဖော်ပြသည့် Chugai Bukka Shimpo စာစောင် စတင်ထုတ်ဝေစ ကတည်းက မျှတမှုနှင့် ဘက်မလိုက်မှုမပါဘဲ အဆင့်အတန်းမြင့်မားသော သတင်းများကို အစဉ်တစိုက် ထုတ်ပြန်ပေးခဲ့ပါသည်။ ပြည်တွင်း ပြည်ပတွင် Nikkei အမှတ်တံဆိပ်မှာ ယုံကြည်စိတ်ချရမှု အမှတ်တံဆိပ် ဖြစ်လာပါသည်။

နစ်ကေး (Nikkei Inc.) သည် စာဖတ်သူများ၏ မတူကွဲပြားသော လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် မီဒီယာ နည်းလမ်းမျိုးစုံဖြင့် ဝန်ဆောင်မှု ပေးနေပါသည်။ ယင်းတို့အနက် အဓိကလုပ်ငန်းမှာ The Nikkei ဖြစ်၍ ခန့်မှန်းခြေဖြန့်ချိမှုအရေအတွက် နှစ်သန်းခွဲခန့် ရှိပါသည်။ ကျွန်ုပ်တို့ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်မှုမှာ တန်ဖိုးမြင့်သော အချက်အလက်များပေးခြင်းနှင့် တိုးတက်ကောင်းမွန်သော ဒီဂျစ်တယ်နည်းပညာကို အသုံးပြုခြင်း တို့ဖြစ်ပါသည်။ ၂၀၁၀ ခုနှစ်တွင် စတင်ခဲ့သော Nikkei Online Edition ကို ငွေပေးမှာယူဖတ်ရှုသူမှာ ယခုဆိုလျှင် ၅၀၀,၀၀၀ ကျော်သွားပြီ ဖြစ်ပါသည်။ ကမ္ဘာပေါ်ရှိ သတင်းစာထုတ်ဝေသူများ အားလုံးကြားတွင် အခကြေးငွေပေး၍ မှာယူဖတ်ရှုရသည့် Nikkei၏ အွန်လိုင်း ဝန်ဆောင်မှုမှာ သတင်းစာ စာဖတ်ပရိတ်သတ်အများဆုံးအနက်မှ တစ်ခုအပါအဝင် ဖြစ်သည်။ စတင်ထုတ်ဝေခဲ့သည့် အချိန်မှ ရှစ်နှစ် အကြာတွင် အွန်လိုင်း ထုတ်ဝေမှု ဆင့်ကဲတိုးတက်လာခဲ့ပါလျက် ဖတ်ရှုသူများအတွက် ပုံမှန်သတင်း ထုတ်ဝေနေမှုမှ ဖတ်ရှုသူများ၏ အသက်မွေးလုပ်ငန်း မြင့်တင်ရေး ကိရိယာ တစ်ခုအဖြစ် ပြောင်းလဲ ရပ်တည် လာပါပြီ။

၂၀၁၃ ခုနှစ်တွင် Nikkei Asian Review ကိုစတင်ထုတ်ဝေခဲ့ပြီး အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည့် သတင်း ဝန်ဆောင်မှုဖြစ်ကာ Online နှင့် အပတ်စဉ် ပုံနှိပ်မဂ္ဂဇင်း ဖြစ်ပါသည်။ နောင်နှစ်တွင် အာရှအတွက် သတင်းအယ်ဒီတာ ဌာနချုပ်ကို အာရှစီးပွားရေးဆိုင်ရာ သတင်းလွှမ်းခြုံမှုကို ပိုမို ထိရောက်စေရန် ဘန်ကောက်တွင် တည်ထောင် ဖွင့်လှစ်ခဲ့ပါသည်။ ၎င်းပြင်အာရှအတွင်း ဂျပန်နိုင်ငံ၏ ပြင်ပ၌ ရှိသည့် သတင်းထောက်များ ဦးရေကို နှစ်ဆ မြင့်မား လာစေပါသည်။ ၂၀၁၄ ခုနှစ်တွင် ဒေသတွင်း နစ်ကေး (Nikkei) အမှတ်တံဆိပ် တံဆိပ်ပိုမို တွင်ကျယ်လာစေရန် ဆောင်ရွက်ရေးအတွက် စင်္ကာပူနိုင်ငံတွင် ကုမ္ပဏီ အသစ် Nikkei Group Asia Pte ကို စတင်ဖွင့်လှစ်ခဲ့ပါသည်။ ကျွန်ုပ်တို့၏ ရည်မှန်းချက်မှာ Nikkei ကို အာရှတွင် ဦးဆောင် သတင်းမီဒီယာ ဖြစ်လာစေရန် ဖြစ်ပါသည်။

http://www.nikkei.co.jp/nikkeiinfo/en/

NIKKEI ASIAN REVIEW http://asia.nikkei.com/

**အာရှအကြောင်းကို အတွင်းအပြင်မှ လေ့လာသိရှိနိုင်စေသည့် တစ်ခုတည်းသော စီးပွားရေးလုပ်ငန်းသတင်း ထုတ်ဝေမှုကို မိတ်ဆက်အသိပေးခြင်း**

ဒေသတစ်လွှား အခြားစီးပွားရေးသတင်းထုတ်ဝေမှုထက် ပိုမိုများပြားသည့် သတင်းထောက်များ၊ ပံ့ပိုးသူများနှင့် Nikkei Asian Review က အာရှ၏ စီးပွားရေးမြင်ကွင်းကို ပုံဖော်ပေးပါသည်။

ပုံနှိပ်စာအုပ်၊ Online ၊ Mobile phone နှင့် Tablet ဆက်သွယ်ရေးပစ္စည်းများမှ တဆင့် ရရှိနိုင်သော Nikkei Asian Review ကို မှာယူဖတ်ရှု၍ နောက်ဆုံးရသတင်းများ၊ ဆန်းစစ်ချက်များ၊ လေ့လာတွေ့ရှိချက်များကို အချိန်နှင့် တစ်ပြေးညီ သိရှိနိုင်ရန်။



**အာရှ၏ ထိပ်တန်း ကုမ္ပဏီ ၃၀၀ အကြောင်း:**
အာရှရှိနိုင်ငံနှင့်ဒေသ (၁၁)ခုရှိ ဦးဆောင် ကုမ္ပဏီ ၃၀၀ကို လွှမ်းခြုံဖော်ပြပြီး Nikkei သည် ဒေသရှိကုမ္ပဏီများ၏ စီးပွားရေးနှင့် ဘဏ္ဍာရေးသတင်းအချက်လက် (Data base)ကို အခြေခံကာ သတင်းပေးပို့မှုကို မြှင့်တင်ခြင်းဖြင့် အာရှကော်ပိုရိတ် သတင်းများအတွက် အကြီးမားဆုံးသောဌာန ဖြစ်လာစေရန် Nikkei Asian Review က ရည်မှန်းပါသည်။

**ယနေ့ ဂျပန်**
ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းနှင့် သတင်းများနှင့်အတူ အချိန်နှင့် တစ်ပြေးညီရှိစေရန်

**ရှုမြင်ချက်များ**
ကျွန်ုပ်တို့၏ အထူးချွန်ဆုံး စာရေးဆရာများရေးသားသည့် " Tea Leaves " ကော်လံသတင်းအပါအဝင် အာရှအပေါ် မြင့်မားသည့် ခံစားရှုမြင်ချက်များအာ တစ်ကမ္ဘာလုံးမှ ရယူနိုင်ရန်

**နိုင်ငံရေးနှင့် စီးပွားရေး**
ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးမူဝါဒ ၊ နိုင်ငံတကာကိစ္စရပ်များအား သိရှိရန်နှင့် ပိုမိုလေ့လာရန်

**ဈေးကွက်များ**
ဒေသတွင်းရှိ အလျင်အမြန်တိုးတက်လာသော ကဏ္ဍအချို့နှင့် ပတ်သက်၍ အချိန်နှင့် တပြေးညီသိရှိနိုင်ရန် အတွက် အသေး စိတ်လုပ်ငန်း သတင်းများနှင့်အတူ အလေးအနက်ဈေးကွက်ဆန်းစစ်ချက်ပြုခြင်း

**ဗီဒီယို**
အကဲဖြတ် ပညာရှင်များ၏ သုံးသပ်ချက်များ၊ ထိပ်တန်းစီးပွားရေးလုပ်ငန်းရှင်များနှင့် အင်တာဗျူးများ ကို ကြည့်ရှုနိုင်ပါသည်။

**ပုံနှိပ်ထုတ်ဝေခြင်း** အာရှ၏ အကောင်းဆုံး စီးပွားရေး သတင်း နှင့် သုံးသပ်ချက်များ ပါဝင်သော နစ်ကေး အာရှ သုံးသပ်ချက် စာစောင် အား လူကြီးမင်း၏ အိမ် (သို့) ရုံးသို့ အပတ်စဉ် ပို့ပေးနေပါမည်။

## ပိုမိုသိရှိလိုပါက ကျေးဇူးပြု၍ဆက်သွယ်ရန်

**IHS Markit (About PMI and its comment)**
Sian Jones, Economist
Telephone 44-1491-461-017
Email sian.jones@ihsmarkit.com

Joanna Vickers, Corporate Communications
Telephone +44 (0) 207-260-2234
E-mail joanna.vickers@ihsmarkit.com

Bernard Aw, Economist
Telephone +65 6922-4226
E-mail bernard.aw@ihsmarkit.com

**Nikkei inc. (About Nikkei)**
Ken Chiba, Deputy General Manager, Public Relations Office
Atsushi Kubota, Manager, Public Relations Office
Telephone +81 3-6256-7115
Email koho@nex.nikkei.co.jp

## အယ်ဒီတာထံသို့ မှတ်စုများ

ဝယ်ယူရေး မန်နေဂျာများ၏ အညွှန်းကိန်း (Purchasing Managers' Index™) မှာ စက်မှုကုန်ထုတ်လုပ်ငန်း ကုမ္ပဏီ ၄၀၀ ခန့်၏ ဝယ်ယူရေးတာဝန်ရှိသူများထံသို့ ပေးပို့ထားသည့် မေးခွန်းများအပေါ် လစဉ်ပြန်လည် ဖြေကြားချက်များမှ စုစည်း ရရှိသော ကိန်းဂဏန်းများကို အခြေခံထားပါသည်။ Panel အဖွဲ့ကို မြန်မာနိုင်ငံ၏ GDP တွင် လုပ်ငန်းပါဝင်ပံ့ပိုး မှုကို အခြေခံသည့် လုပ်ငန်းအမျိုးအစား စံသတ်မှတ်ချက် (Standard Industrial Classification-SIC) အစုအဖွဲ့ဖြင့် အလွှာခွဲခြား ဖွဲ့စည်းထားပါသည်။ စက်မှုကုန်ထုတ်လုပ်ငန်းကဏ္ဍကို ကျယ်ပြန့်စွာ အမျိုးအစား(၈)မျိုး ခွဲခြားထား ပါသည်။ ၎င်းတို့မှာ အခြေခံသတ္တုပစ္စည်းလုပ်ငန်း၊ ဓာတုပစ္စည်းများနှင့် ပလတ်စတစ်ပစ္စည်းလုပ်ငန်း၊ လျှပ်စစ်ပစ္စည်း နှင့် အမြင်နှင့်ဆိုင်ရာလုပ်ငန်း၊ အစားအစာ နှင့် အချိုရည် နှင့် သောက်သုံးရေလုပ်ငန်း၊ စက်မှုဆိုင်ရာ အင်ဂျင်နီယာလုပ်ငန်း၊ အထည်အလိပ်နှင့် အဝတ်အထည်လုပ်ငန်း၊ သစ်နှင့် စက္ကူလုပ်ငန်းနှင့် ပို့ဆောင်ရေးလုပ်ငန်း တို့ ဖြစ်သည်။

စစ်တမ်းတုံ့ပြန်မှုများမှာ လက်ရှိလနှင့် ပြီးခဲ့သောလ အခြေအနေအား နှိုင်းယှဉ်ပြီး ဖြစ်ပေါ်သည့်အပြောင်းအလဲကို ထင်ဟပ် ပါသည်။ နှိုင်းယှဉ်ရာတွင် လတစ်လ၏ အလယ်ကာလတွင် စုစည်းရရှိသည့် ကိန်းဂဏန်းများကို အခြေခံ ပါသည်။ ညွှန်ကိန်းတစ်ခုစီအတွက် 'အစီရင်ခံစာ'က တုံ့ပြန်မှုကို ဖော်ပြသည့် ရာခိုင်နှုန်းကို တင်ပြပါသည်။ ၎င်းအပြင် မြင့်မားလာသည့်နှုန်းနှင့် နိမ့်ကျသည့်နှုန်း၊ ထို့ပြင်ပိုမို ကောင်းမွန်သောနှုန်းနှင့် ဆိုးရွားသောနှုန်းတုံ့ပြန်မှုအကြား အသားတင်ခြားနားမှုနှင့် ရောစပ်ထားသော အညွှန်းကိန်းကိုလည်းတင်ပြပါသည်။ ဤအညွှန်းကိန်းမှာ တိုးတက်မှုဆောင်သော တုံ့ပြန်မှု များနှင့် "မပြောင်းလဲကြောင်း" ပြောဆိုသော တုံ့ပြန်မှုများ၏ ထက်ဝက်ခွဲခန့်ကို ပေါင်းစပ် ဖော်ပြထားပါသည်။ ရောစပ်ထားသော အညွှန်းကိန်းများမှာ ဦးဆောင်ညွှန်ကိန်းများ၏ ဂုဏ်သိတ္တိများရှိကြ၍ လက်ရှိ ပြောင်းလဲနေသည့် လမ်းကြောင်းကို ပြသသည့် အဓိကအနှစ်ချုပ်အတိုင်းအတာများ ဖြစ်ကြပါသည်။ ၅၀.၀ အထက်ရှိသော် အညွှန်းကိန်းက ဤပြောင်းလဲကိန်းတွင် ယေဘုယျ တိုးတက်မှုရှိကြောင်းဖော်ပြပြီး ၅၀.၀ အောက်ရောက်ရှိပါက ဆုတ်ယုတ်မှုရှိကြောင်းပြသပါသည်။

ဝယ်ယူရေး မန်နေဂျာများ၏ အညွှန်းကိန်း *(Purchasing Managers' Index™)* မှာ အညွှန်းကိန်းငါးခုကို အခြေခံထား ၍ အလေးတင်မှုများ (Weight) နှင့် ပေါင်းစပ်ထားသည့် အညွှန်းကိန်းတစ်ခု ဖြစ်ပါသည်။ ၎င်းတို့မှာ အမှာစာအသစ် လက်ခံရရှိမှု(၀.၃)၊ ကုန်ထုတ်လုပ်မှု(၀.၂၅)၊ အလုပ်အကိုင်(၀.၂)၊ ပေးသွင်း သူများ၏ ပေးသွင်းမှု ကြာမြင့်ချိန် (၀.၁၅)ကုန်ပစ္စည်း ဝယ်ယူဖြည့်တင်းမှု(၀.၁) တို့ဖြစ်ပြီး ပေးသွင်းမှု အညွှန်းကိန်းကြာမြင့်ချိန်ကို (စာရင်းသဘောအရ) နှိုင်းယှဉ်မှုပြုနိုင်ရန် ပြောင်းပြန်ပြုထားပါသည်။

IHS Markit သည် အရေးကြီးသော စစ်တမ်းကိန်းဂဏန်းများကို ပထမအကြိမ်ထုတ်ဝေဖြန့်ချိ ပြီးနောက် ပြန်လည်ပြုပြင်ခြင်း မရှိပါ။ သို့သော် အချိန်အခါအလိုက် ညှိနှိုင်းထားသော အချက်အလက်များကို မကြာခဏ သင့်လျော်သလို ပြုပြင်နိုင်ပါသည်။ ဤလုပ်ရပ်က အချိန်အခါအလိုက် ညှိနှိုင်းပြီး အစဉ်တစိုက် ထုတ်ပြန်သော ကိန်းဂဏန်းများအား ထိခိုက်နိုင်ပါသည်။ အရေးကြီးသော (ညှိနှိုင်းထားခြင်းမရှိသော)အရေအတွက် စာရင်းများနှင့် ဆက်စပ်သည့် အချိန်ကာလအလိုက်ကိန်းဂဏန်းများ၊ ပထမအကြိမ်ထုတ်ဝေသည့် အချိန်အခါအလိုက်ညှိနှိုင်းထုတ်ပြန်သည့် ကိန်းဂဏန်းများနှင့် ဆက်တိုက်ပြုပြင်ထားသော ကိန်းဂဏန်းများကို မှာယူသူများသည့် IHS Markitမှ ရရှိ နိုင်ပါသည်။ကျေးဇူးပြု၍ economics@ihsmarkit.com နှင့်ဆက်သွယ်ပါ။

### IHS Markit (www.ihsmarkit.com)

IHS Markit (Nasdaq: INFO) မှာ ကမ္ဘာလုံးဆိုင်ရာစီးပွားရေးလုပ်ငန်းများလည်ပတ်စေရန် ဆောင်ရွက်နေသည့် အဓိက လုပ်ငန်းများနှင့် ဈေးကွက်များအတွက်အရေးကြီးသည့် သတင်းအချက်အလက်များ၊ သုံးသပ်ချက်များ၊ ဖြေရှင်းမှုများတွင် ကမ္ဘာ့ဦးဆောင်မှုပေးသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ပါသည်။ ဤကုမ္ပဏီသည် နောက်ဆုံးပေါ်နည်းပညာများအသုံးပြု၍ ရယူထားသော သတင်းအချက်အလက်များ၊ သုံးသပ်ချက်များနှင့် ဖြေရှင်းမှုများကို စီးပွားရေး၊ ဘဏ္ဍာရေးနှင့် အစိုးရအုပ်ချုပ်ရေးဆိုင်ရာ ဖောက်သည်များထံ ပေးပို့ပြီး ၎င်းတို့၏ လုပ်ငန်းဆိုင်ရာ စွမ်းရည်ထက်မြက်မှုကို မြှင့်တင့်ပေးခြင်းအားဖြင့် အလေးအနက် သိမြင်နားလည်စေကာ ပြည့်စုံသည့် သတင်းအချက်အလက်နှင့် ခိုင်မာသော ဆုံးဖြတ်ချက်များကို ရရှိစေပါသည်။ IHS Markit မှာ အဓိက စီးပွားရေးလုပ်ငန်းနှင့် အစိုးရအုပ်ချုပ်ရေးဆိုင်ရာ ဖောက်သည်ပေါင်း ၅ သောင်းကျော် ရှိပြီး Fortune Global 500 နှင့် ကမ္ဘာ့ဘဏ္ဍာရေး ဦးဆောင်အဖွဲ့အစည်းများ၏ ၈၀% ပါဝင်ပါသည်။

IHS Markit သည် IHS Markit Ltd နှင့်/သို့မဟုတ် ၎င်းနှင့်ပူးပေါင်းထားသည့် အဖွဲ့အစည်းများအတွက် မှတ်ပုံတင်ထားသော မူပိုင်လုပ်ငန်းအမှတ်တံဆိပ်ဖြစ်ပါသည်။ အခြားသော ကုမ္ပဏီနှင့်ထုတ်ကုန်အမည်များမှာ သက်ဆိုင်ရာ ပိုင်ရှင်များ၏ မူပိုင်လုပ်ငန်း အမှတ်တံဆိပ်များ ဖြစ်နိုင်ပါသည်။ © 2019 IHS Markit Ltd. အခွင့်အရေးများအားလုံးကို သီးသန့်ပိုင်ဆိုင်ပါသည်။

### PMI ဆိုသည်မှာ

PMI™ စစ်တမ်းများမှာ ယခု အခါနိုင်ငံ ၄၀ ကျော်တွင်ရှိပြီး ဖြစ်ပါသည်။ ၎င်းပြင် ယူရိုဇုန်အပါအဝင် အဓိကဒေသကြီးများ အတွက်လည်း ရှိပါသည်။ ဤစစ်တမ်းများမှာ ကမ္ဘာတွင် အနီးကပ်စောင့်ကြည့်ခံရဆုံးသော စီးပွားရေးလုပ်ငန်း စစ်တမ်းများ ဖြစ်သကဲ့သို့ အချိန်နှင့် တစ်ပြေးညီတိကျပြီး လစဉ် တစ်မူထူးခြားသည့် စီးပွားရေးအလားအလာ ညွှန်ကိန်းများသည် တိကျပြီး နောက်ဆုံးပေါ် အချက်အလက်များ ဖော်ပြပေးသည့် အရည်အသွေးကြောင့် ဗဟိုဘဏ်များ၊ ဘဏ္ဍာရေး ဈေးကွက်များ၊ စီးပွားရေး ဆုံးဖြတ်ချက်ချသူများက လိုလားနှစ်ခြိုက် ကြပါသည်။ ပိုမိုသိရှိလိုပါက https://ihsmarkit.com/products/pmi.html သို့ဝင်ရောက်ကြည့်ရှုပါ။

**ယခုဖော်ပြသည့် နစ်ကေး(Nikkei) မြန်မာကုန်ထုတ်လုပ်မှုလုပ်ငန်း ဝယ်ယူရေးမန်နေဂျာများ၏ အညွှန်းကိန်း (PMI™)၏ ဉာဏပစ္စည်းဆိုင်ရာ အခွင့်အရေးများကို IHS Markit က ပိုင်ဆိုင်သည် (သို့) လိုင်စင်ရရှိပါသည်။ မိတ္တူကူးယူခြင်း၊ ဖြန့်ဝေခြင်း၊ လွှဲပြောင်းအသုံးပြု ခြင်း၊ သို့မဟုတ် အခြားအသုံးပြုမှု အစရှိသည့်တို့ သာမက IHS Markit ၏ ရှေးဦး သဘောတူညီချက်မရဘဲ မည်သည့် တရားမဝင် အသုံးပြုမှုကိုမျှ ခွင့်ပြုမည်မဟုတ်ပါ။ အသုံးပြုပါက ယခုပါဝင်သည့် အကြောင်းအရာ သတင်း အချက်အလက် (ကိန်းဂဏန်း) ဆိုင်ရာအတွက် IHS Markit မှာတာဝန်ယူခြင်း၊ တာဝန်ခံခြင်းနှင့် အခြား သက်ဆိုင်သည့် ဝတ္တရားများရှိမည် မဟုတ်ပါ။ တစ်စုံတစ်ရာသော မှားယွင်းမှုများ၊ မတိကျမှုများ၊ ထိမ်ချန်မှုများ၊ နှောင့်နှေးမှုများ အတွက်လည်း ကိန်းဂဏန်းများ အသုံးပြုရာတွင် တွေ့ကြုံရပါက IHS Markit တွင်တာဝန်မရှိပါ။ ကိန်းဂဏန်းများ တရားမဝင် အသုံးပြုခြင်းကြောင့် ဖြစ်လာသည့် အကျိုးဆက် အမှားများ၊ ထူးခြားသော အမှားများနှင့် မတော်တဆ အမှားများ အတွက် IHS Markit က တာဝန်မယူပါ။ Purchasing Managers' Index™ နှင့် PMI™ မှာ Markit Economics Limited ၏ မူပိုင်လုပ်ငန်းအမှတ်တံဆိပ် အဖြစ် မှတ်ပုံတင်ပြီး သို့မဟုတ် Markit Economics Ltd သို့ လိုင်စင်ပေးပြီး ဖြစ်ပါသည်။ နစ်ကေး (Nikkei) သည် အထက်ဖော်ပြပါ အမှတ်တံဆိပ်များကို လိုင်စင်ခွင့်ပြုချက်ဖြင့် အသုံးပြုပါသည်။ IHS Markit သည် IHS Markit Ltd နှင့်/သို့မဟုတ် ၎င်းနှင့်ပူးပေါင်းထားသည့် အဖွဲ့အစည်းများအတွက် မှတ်ပုံတင်ထားသော မူပိုင်လုပ်ငန်းအမှတ်တံဆိပ်ဖြစ်ပါသည်။**

IHS Markit ၏သတင်းထုတ်ပြန်ချက်များကို ရယူရန်မလိုလားပါက ကျေးဇူးပြု၍ Joanna.vickers@ihsmarkit.com သို့ E-Mail ပို့ပါ။ ကျွန်ုပ်တို့၏ သီးသန့်မူဝါဒကို ဖတ်ကြားရန် ဤနေရာတွင် Click လုပ်ပါ။